MODEL ENGLISH WRITINGS

Bawathit U Aung Kyaw
B.A. (Eng.) Hons., B.L.

စာတိုထွေးကြမ်း

MODEL ENGLISH WRITINGS

စာမူမွှင့်ပြု - ၂၀၁၉/၂၀၀၃ (၃)
မျက်နှာဖုံးမွှင့်ပြု - ၃၁၈/၂၀၀၃ (၅)

မျက်နှာဖုံးဒီဇိုင်း
ကိုးဆန်း

ထုတ်ဝေ
ဦးသန်းဆွေ (ဝ၁၄၇၃) စစ်သည်တော်စာပေ
၁၁၃၁၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်
ဒဂုံတောင်ပိုင်းမြို့နယ်။

ပုံနှိပ်
ဒေါ်တင်ရီ (ဝ၂၈၃၉) နန်းသဂင်စက်
၁၉၆၊ ၃၉ လမ်း၊ ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ ဧကိတင်ဘာလ
စတုတ္ထအကြိမ်
အုပ် - ၁၀၀၀

တန်ဖိုး
450 ks

ဖြန့်ချိ
ဆုစာအုပ်တိုက်
အမှတ် ၁၉၈၊ ၃၉ လမ်း၊ ရန်ကုန်။
[ဖုန်း - ၂၅၂၆၂၂]

MODEL
ENGLISH WRITINGS

Bawathit U Aung Kyaw
B.A. (Eng.) Hons., B.L.



12. My House 62
13. My Home Town 66
14. My Country 70
15. My Neighbours 73
16. A Good Soldier 77
17. A Good Student 80
18. A Moonlit Night 83
19. A Rainy Day 87
20. A Visit to a Pagoda 90
21. A Visit to a Pagoda Festival 94
22. A Visit to a Town 98
23. A Visit to a Farm 101
24. A Journey by Train 103
25. An Accident 105
26. An Interesting Animal 108
27. The Rainy Season 111
28. The Cold Season 115
29. The Season I Like Best 119
30. The Game I Like Best 123
31. The Subject I Like Best 126

32. The Book I Like Best 129
33. The Person I Admire Most 133
34. The Resistance/Tatmadaw Day 136
35. The Water Festival 141
36. The Thadingyut Festival 144
37. Myanmar Festivals 148
38. What I Will Do If I Pass The Matriculation Examination 151
39. How I Study 153
40. How I Spent My Leisure Hours 156
41. How I Help MY Parents 159
42. How I Spent the December Holidays 163
43. How I Helped Someone 166
44. How To Be Healthy 169
45. Health and Strength 171
46. Sports and Games 175
47. Cleanliness 179
48. Useful Animals 182
49. If I Had a Billion Kyats 186
50. Newspapers 190

အမှာစာ

ဒီနေ့ ကျောင်းသားလူငယ်တချို့ဟာ အင်္ဂလိပ်စာ ကောင်းကောင်းမရေးတတ်ကြလို့ ရေးတတ်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ အမြဲပြော နေရပါတယ်။

အဖြေက ရှင်းရှင်းလေးပါ။ မရေးတတ်ကြတာဟာ အင်္ဂလိပ်စာ ခက်လှလို့ မဟုတ်ပါဘူး။ များများမဖတ်ဖူးလို့ လေ့လာကျက်မှတ်မှု နည်းသေးလို့ ဖြစ်ပါတယ်။ essay ကောင်း ရေးတတ်ချင်ရင် မှန်မှန်ကန်ကန် ကောင်းကောင်း မွန်မွန်၊ လှလှပပရေးထားတဲ့ essay အမျိုးစုံကို တတ်နိုင်သလောက်များများ လေ့လာဖတ်ရှုထားဖို့လိုပါတယ်။ essay ရေးတတ်ဖို့ ကြိုးစားထားရာမှာဖြစ်စေ၊ ဘာသာစကားတစ်ခုကို လေ့လာရာမှာ ဖြစ်စေ (စုတ်ပြု) ဆိုတဲ့ အဆိုအမိန့်ကို လိုက်နာဖို့ အထူးလိုအပ်ပါတယ်။ သိကြတဲ့အတိုင်းပါပဲ။ စုဆိုတာက ရေးတတ်ချင်တဲ့ စာပေပုံစံကို (essay ရေးတတ်ချင်တာဆိုရင်လည်း essay အမျိုးမျိုးပေါ့လေ) စုဆောင်း လေ့လာ

မှတ်သားတာ၊ မှတ်မိအောင် ဦးနှောက်ထဲမှာ စုမိအောင်၊ နည်းအမျိုးမျိုးနဲ့ ကြိုးစားတာပါပဲ။ အဲဒီလို စုတဲ့နည်းတွေထဲမှာ အလွတ်ကျက်တာလည်းပါတယ်နော် သွားမပစ်ပယ်နဲ့။ တချို့က အလွတ်မကျက်ဘဲ ရေးတတ်အောင်သင်ပေးရမယ်။ ဘာညာနဲ့ အသံကောင်း တစ်ချင်ကြတယ်။ နားမယောင်နဲ့။ အလွတ်မကျက်ဘဲ ရေးတတ်ဖို့ဆိုတာက အဘက်ဘက်က အခြေအနေပေးမှဖြစ်တာ။ ကောင်းတော့ကောင်းပါရဲ့။ တယ်မလွယ်လှဘူး။ အလွတ်ကျက်တဲ့နည်းက တိုးတက်မှုမြန်ပြီး ကျက်နိုင်သလောက် ကိုယ်ပိုင်ဖြစ်သွားတာပဲ။ အဲဒီလို ကောင်းမွန်တဲ့ အရေးအသားအမျိုးမျိုးကို စုမိပြီ၊ ကျက်မှတ်မိပြီဆို ဟော့ ကောင်းနိုးရာရာ ပြန်ရေးချပြီး အသုံးပြုလာက (ကု) အဆင့်။ အဲဒီ အဆင့်ရောက်အောင်ကို တော်တော်ကြိုးစားယူရတယ်။ အဲဒီအဆင့်လောက် ရောက်တယ်ဆိုရင်ကို မဆိုးတော့ပါဘူး။

ကိုယ်ပိုင် အတွေးအခေါ်တွေကို ကိုယ်ပိုင်အသုံးအနှုန်းတွေနဲ့ ဖော်ပြတတ်တာကတော့ (ပြု) အဆင့်ပေါ့၊ အမြင့်ဆုံးအဆင့်ပါပဲ။ ဒီအဆင့်ကို အလွန်ကြိုးစားသူများနဲ့ ပါရမီပါသူများသာရောက်ကြပါတယ်။

ဒီစာအုပ်ကတော့ (စု) အဆင့်သမားလေ့လာကျက်မှတ်နိုင်ဖို့ အသင့်စုဆောင်းပေးလိုက်တာဖြစ်ပါတယ်။ ဖတ်ကြည့်ရင်တွေ့ပါလိမ့်မယ်။ ဒီစာအုပ်ထဲမှာ အထက်တန်းအဆင့် essay ရေးရမည့် သူတိုင်းအတွက် သေချာပေါက်

အသုံးကျမယ့် essay များစုဆောင်းပေးလိုက်ပါပြီ။

လုံးကောက်အဓိပ္ပါယ်များအပြင် အဓိပ္ပါယ်ကောက်ရခက်တတ်တဲ့ အတွဲလိုက် အဓိပ္ပါယ်များပါ ပေးထားတာမို့၊ ဒီစာအုပ်ကို စနစ်တကျ ကြိုးကြိုးစားစား လေ့လာသူများနားလည်မှုရော အရေးအသားပါ အမြန်တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ တချို့က essay စာအုပ်ကောင်းကောင်းတစ်အုပ် လက်ထဲရောက်လာရင် အများကြီးအားရှိသွားတယ်။ အရေးကြဲရင် ကျက်လိုက်မယ်ပေါ့။ အဲ ကျက်မယ်ကျက်မယ်နဲ့ ဟန်ပြင်နေလိုက်တာ အရေးကြဲခါနီး (စာမေးပွဲဖြေခါနီး) ရက်ပိုင်းအလိုအထိ ဘာမှ ဟုတ်တိပတ်တိ မလေ့လာရသေးဘူး။ တစ်ပုဒ်မှ ချောချောမောမော ပြန်မရေးတတ်သေးဘူး။ ဖြေမယ့်ညကျမှ နှစ်ပုဒ်သုံးပုဒ် ဖတ်ဖြစ်တော့တယ်။ အဲဒီပုံစံမျိုးဆိုရင်တော့ စာအုပ်ကောင်းကောင်းတစ်အုပ် ပိုင်ဆိုင်ရကျိုး မနပ်နိုင်တော့ဘူးပေါ့။ တစ်ကယ်တိုးတက်ချင်ရင် အချိန်ယူလေ့လာဖို့လိုပါတယ်။

ဒီတော့ ဒီစာအုပ်ကို ပိုင်ဆိုင်ရကျိုးနပ်အောင် အောက်ပါအတိုင်းအသုံးချပါ။

- နေ့စဉ် အနည်းဆုံး သုံးပုဒ်ဖတ်ပါ။ အောက်မှာ ပေးထားတဲ့ အဓိပ္ပါယ်တွေကိုဖတ်ပါ။
- နေ့စဉ် အနည်းဆုံး တစ်ပုဒ်ကူးပါ။ အဓိပ္ပါယ်တွေပါကူးပါ။

တစ်ပတ် (သို့) ဆယ်ရက်ကို တစ်ပုဒ်ရအောင် ကျက်

ပါ။ အဓိပ္ပါယ်တွေကိုပါ ကျက်ပါ။

ဖတ်ပါများလို့ အတော်အသင့် ရှင်းနှီးလာပြီဖြစ်တဲ့ essay တွေကို အလွတ်ပြန်ရေးတဲ့အကျင့်လုပ်ပါ။

အထက်ပါ လုပ်ငန်းလေးရပ်ကို ဒီစာအုပ်လက်ဝယ်ရောက်ချိန်ကစပြီး မှန်မှန်ပြုလုပ်ပါ။ ဒါမှ မပင်ပမ်းဘဲနဲ့ အရေးကြုံလာတဲ့အချိန်မှာ ကိုယ်က ရေးတတ်တဲ့အဆင့် ရောက်နေမှာပေါ့။

ဒီစာအုပ်ကို အထက်ပါအတိုင်း မှန်မှန်လေ့လာပြင်ဆင်ထားရင်း ဝေါဟာရတွေ၊ အသုံးကျလှပကောင်းမွန်တဲ့ အသုံးအနှုန်းတွေ ဝါကျတွေ၊ တွဲနည်းဆက်နည်းတွေ ကြွယ်ဝလာပြီး အရင်ကထက်ပိုကောင်းအောင် အများစုထက် သာအောင် ရေးတတ်လာမှာ အမှန်ဖြစ်ပါတယ်။

ဆရာဦးအောင်ကျော် (ဘဝသစ်)

ESSAY
ရေးနည်း

Essay ရေးရာမှာ တချို့ကျောင်းသားတွေဟာ အခြေခံနည်းပါးရှာကြလို့ စာပိုဒ်ခွဲရေးရမှန်း၊ ဝါကျအစမှာ စာလုံးကြီးနဲ့ စရမှန်း၊ အဆုံးမှာ **Full Stop** ထည့်ရမှန်း တောင် မသိကြတဲ့အတွက် အခြေခံကစပြီး ရှင်းပြလိုက်ပါ တယ်။

Essay ရေးရာမှာ စာပိုဒ်တွေ ခွဲရေးရတယ်။ အစ အဆုံး တစ်ဆက်တည်း မရေးရဘူး။ ပထမဆုံးအပိုဒ်က နိဒါန်း ပဲ။ ပြီးတော့မှ စာကိုယ်လာတယ်။ စာကိုယ်ကို တစ်ခါထပ်ပြီး အကြောင်းအရာလိုက်လို့ နှစ်ပိုဒ်၊ သုံးပိုဒ်၊ ငါးပိုဒ် စသည်ဖြင့် ခွဲနိုင်သေးတယ်။ ပြီးတော့မှ နိဂုံးပိုဒ်လာတယ်။

ကျောင်းသားအများစုဟာ နိဒါန်းနဲ့ စာကိုယ်ကို ကွဲပြားအောင် မရေးတတ်ကြဘူး။ ဥပမာ ဆင်အကြောင်း စာစီစာကုံး ရေးရတယ်ဆိုရင် (ဆင်သည် ခြေလေးချောင်း၊

တိရစ္ဆာန်ဖြစ်သည်။ ဆင်သည် အကြီးဆုံးသတ္တဝါ ဖြစ်သည်) စသည်ဖြင့် ရေးတတ်ကြတယ်။ ဒီလိုရေးရင် နိဒါန်းမဟုတ်တော့ဘူး။ စာကိုယ်ဖြစ်သွားပြီ။ ဆင်ရဲ့အကြောင်းအရာဖြစ်သွားပြီ။ နိဒါန်းထဲမှာ အကြောင်းအရာမပါဘူး။ နိဒါန်းဆိုတာ ကိုယ်ရေးမယ့်အကြောင်းကို စာဖတ်သူ စိတ်ဝင်စားလာအောင် ပျိုးယူတာပဲ။ ဘာအကြောင်းရေးမယ်ဆိုတာ စာဖတ်သူကို လှလှပပပြောပြီး မိတ်ဆက်ပေးတာပဲ။ ဥပမာ (ဆင်) အကြောင်း နိဒါန်းရေးမယ်ဆိုရင် (ကမ္ဘာပေါ်တွင် သတ္တဝါအမျိုးမျိုးတို့ မှီတင်းနေထိုင်ကြသည်။ သတ္တဝါအများစုမှာ ရေထဲတွင် နေထိုင်ကြပြီး အနည်းစုမှာ ကုန်းပေါ်တွင် နေထိုင်ကြသည်။ ကုန်းသတ္တဝါများအနက် စိတ်ဝင်စားစရာ အကောင်းဆုံး သတ္တဝါတစ်ကောင်ပဲ ဆင်ဖြစ်လေသည်။) စသည်ဖြင့် ရေးသင့်တယ်။ ဒီအထဲမှာ ဆင်အကြောင်း မည်မည်ရရ ဖော်မပြထားဘူး။ ဖော်ပြစရာရှိတာတွေကို စာကိုယ်မှာ ဖော်ပြရမယ်။ အလားတူနိဂုံးထဲမှာ အဖြစ်အပျက်၊ အချက်အလက်တွေ မထည့်ရတော့ဘူး။ ကိုယ်ရဲ့ထင်မြင်ယူဆချက်၊ အကြံပေးချက်၊ ဆန္ဒ၊ ကောက်ချက်၊ စသည်တို့ကိုသာ နိဂုံးမှာ ဖော်ပြရတယ်။

စာပိုဒ် (Paragraph) ခွဲနည်း

စာစီစာကုံးရေးရာမှာ စာပိုဒ်ဘယ်လိုခွဲရသလဲ။ သိ

ပါသလား။ ခဏလောက်စဉ်းစားပြီး ကိုယ့်ဘာသာကိုယ် ဖြေကြည့်စမ်းပါ။ . . . ခွဲနည်း စဉ်းစားလို့ ရပြီလား၊ ရရင်လူတော်ပေါ့။ များသောအားဖြင့်ကတော့ မခွဲတတ်ကြဘူး။ လေးငါးဆယ်ကြောင်းလောက်ရေးပြီးလို့ တစ်ပိုဒ်စာလောက်ရှိပြီထင်ရင် တစ်ပိုဒ်ဖြတ်ပြီး နောက်တစ်ပိုဒ် စလိုက်တာပါပဲ။ စာစီစာကုံး ပီပီပြင်ပြင် ရေးတော့မယ်ဆိုရင် အဲဒီမှန်းဖြေတဲ့ ခွဲနည်းမျိုးနဲ့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ကဲ စာပိုဒ်ဖြတ်နည်းအမှန်ကို ပြောပြမယ်။ သေသေချာချာ မှတ်ထားပါ။

စာပိုဒ်တစ်ပိုဒ်ထဲမှာ အဓိကဆိုလိုချက်တစ်ခုပဲ ပါရတယ်။ အဲဒီဆိုလိုချက်နဲ့ ပတ်သက်တဲ့ ဝါကျတွေကိုသာ အဲဒီစာပိုဒ်ထဲမှာ ရေးရတယ်။ အဲဒီဆိုလိုချက်နဲ့ ပတ်သက်တဲ့ ဝါကျတွေကုန်သွားရင် စာပိုဒ်ဖြတ်လိုက်တော့။ ဒါပဲ . . . ။

ဒီတော့ အဲဒီဆိုလိုချက်နဲ့ ပတ်သက်ပြီး ရေးစရာများရင်စာပိုဒ်ဟာ ရှည်သွားမှာပဲ၊ ရေးစရာသိပ်မရှိရင် တိုသွားမှာပဲ။ ကိုယ်ဖြတ်ချင်တိုင်း ဖြတ်ရတာမျိုး မဟုတ်ဘူး၊ ရေးလက်စအကြောင်းအရာ ကုန်သွားမှ ဖြတ်ရတယ်။

နမူနာပြမယ်။ ခုနက ဆင်အကြောင်းကိုပဲ စာစီစာကုံး ရေးကြပါစို့။ နိဒါန်းကို ဒီလိုရေးနိုင်တယ်။

There are many kinds of creatures in the world. Some of them live in water. Some live on trees. Others live on land. In my opinion, the most interesting land animal is the elephant.

အဲဒီလို နိဒါန်းပျိုးအပြီးမှာ နောက်စာစပိုဒ်ကို ဒီလို ရေးတယ် ဆိုပါတော့။

The elephant is the biggest animal in the world. It is also very useful. It can be trained to pull logs from forests to rivers and streams. It is very intelligent. It understands and obeys the commands of the mahout (elephant-handler). It likes to eat bananas, tender leaves and bamboo shoots.

ကဲ ဒီစာပိုဒ်ကို ပြန်ကြည့်ပါ။ ဆင်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးတိရစ္ဆာန် ဖြစ်သည်။ ဆင်သည် အလွန်လည်း အသုံးဝင်သည်။ သစ်တောများမှ သစ်လုံးများကို မြစ်များ၊ ချောင်းများသို့ ဆွဲရန်ဆင်ကို လေ့ကျင့်ပေးနိုင်သည်။ ဆင်သည် ဆင်ဦးစီး၏ အမိန့်များကို နားလည်ပြီး နာခံသည်၊ ဆင်သည် ငှက်ပျောသီးများ၊ ရွက်နုများနှင့် မျှစ်တို့ကို စားရန် နှစ်သက်သည်တဲ့။ ဘယ်လိုနေလဲ။ ဒီစာပိုဒ်ကို ကြိုက်ရဲ့လား။

ကြိုက်တယ်ဆိုရင်တော့ မှားပြီ။ ဘာလို့လဲဆိုတော့ ဒီစာပိုဒ်ထဲက ဝါကျတွေဟာ သဒ္ဒါမှန်ပေမယ့် ဒီစာပိုဒ်မှာ ဗဟိုဆိုလိုချက်မရှိဘူး။ အကုန်ရောနေတယ်။ (အကြီးဆုံးတိရစ္ဆာန်) ဆိုတာက ပုံပန်းသဏ္ဌာန်ကို ပြနေတယ်။ သစ်ဆွဲတယ်ဆိုတာက အသုံးဝင်ပုံကို ပြတယ်။ ငှက်ပျောသီးတို့၊ မျှစ်တို့ကို စားတယ်ဆိုတာက ဆင်ရဲ့အစာကို ပြတယ်။

အဲဒီလို တွေ့ကရာတွေလျှောက်မရေးရဘူး။ ကိုယ် ရေးတဲ့ ပထမပိုဒ်မှာ ဘာအကြောင်းရေးမလဲ စဉ်းစား။ သတ္တဝါ တစ်ကောင်၊ အရာဝတ္ထုတစ်ခုခုအကြောင်း ရေးချင်ရင် ပထမ ဆုံး ၎င်းရဲ့ ပုံပန်းသဏ္ဌာန်ကို ရေးလေ့ရှိကြတယ်။ ဒါမှ မှုက်စိ ထဲမှာ မြင်ယောင်လာမှာကိုး။ ဒီတော့ စာကိုယ်ရဲ့ ပထမဆုံး စာပိုဒ်မှာ ဆင်ရဲ့ ပုံသဏ္ဌာန်ကို ရေးကြည့်။

The elephant is the biggest animal in the world. Most elephants are grey in colour. There are also white or pinkish-white elephants, but they are very rare. The elephant has a very long nose called the trunk. It also has two tusks from which we get ivory. Its eyes are very small, but its ears are quite large. A grown-up elephant is about six or seven feet tall and weighs about one or two tons.

ကဲ - ဒီစာပိုဒ်ထဲမှာဆိုရင် ဆင်ရဲ့ ပုံပန်းနဲ့ ပတ်သက် တာတွေပဲပါတယ်။ မီးခိုးရောင်ရှိတာ၊ အဖြူရောင်ရှားတာ၊ နှာမောင်းနဲ့ အစွယ်ရှိတဲ့အကြောင်း၊ အရပ်အမောင်း၊ အလေး ချိန် ဒါတွေအားလုံးဟာ ပုံပန်းကို ပြတယ်။ မဆိုင်တာတွေ မပါဘူး။ အဲဒီလိုရေးရတယ်။

အလားတူပဲ နောက်တစ်ပိုဒ်မှာ ဆင်ရဲ့အသုံးဝင်ပုံကို ရေးမယ်ဆိုရင် အလွန်အသုံးဝင်သည်လို့ ပထမဝါကျမှာ ရေး

ပြီး (စာပိုဒ်တစ်ပိုဒ်ဟာ ဘာအကြောင်းဖြစ်လိမ့်မယ်ဆိုတာ ပထမဝါကျမှာ ပြရတယ်။ တစ်နည်းပြောရရင်တော့ ပထမဝါကျဟာ စာပိုဒ်တစ်ပိုဒ်ရဲ့ နိဒါန်းဖြစ်ပါတယ်) နောက်ရှေ့ခေတ်က ဆင်များကို စစ်တိုက်ရာမှာ သုံးကြတဲ့ အကြောင်းအခုခေတ်မှာတော့ သစ်ဆွဲဖို့ သုံးကြကြောင်း၊ နောက်ပြီး တချို့တောတောင်ဒေသတွေမှာ ပို့ဆောင်ရေးယာဉ်အဖြစ် သုံးကြကြောင်း၊ တချို့ဆင်တွေကိုတော့ ခဲရာခက်ဆစ် လုပ်ဆောင်တတ်အောင် လေ့ကျင့်သင်ကြားပေးပြီး ဆပ်ကပ်ပွဲတွေမှာ ပြကြကြောင်း၊ တချို့တိရစ္ဆာန်ရုံတွေမှာ ဆင်တွေဟာ ကလေးစီးဖို့ လှည်းဆွဲကြကြောင်း၊ ဆင်ဆီက အလွန်အဖိုးတန်တဲ့ ဆင်စွယ်ကိုရကြောင်း၊ ဆင်စွယ်ကို အနုပညာလက်ရာအမျိုးမျိုးနဲ့ လူသုံးပစ္စည်းအမျိုးမျိုး လုပ်နိုင်ကြောင်း၊ ဆင်သားကို စားကောင်းကြောင်း မာသော်လည်း မီးပြင်းပြင်းနဲ့ ချက်စားနိုင်ကြောင်း စသည်ဖြင့် ဆင်ရဲ့အသုံးဝင်ပုံတွေကိုသာ အဲဒီအပိုဒ်မှာ ရေးရမယ်။

နောက်တစ်ပိုဒ်မှာ ဆင်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းကို ရေးမယ်ဆိုပါတော့။ ဒါဆိုရင် ရှေးခေတ်က လူများဟာ ဆင်ဦးခေါင်းမှာ တုတ်၊ ဓား၊ သေနတ်ပီးတဲ့အဖိုးတန်အမြွေတရှိတယ်လို့ ယုံကြည်ကြကြောင်း၊ စာပေကျမ်းဂန်ထဲမှာ ဆင်ဖြူတချို့ဟာ မိုးပျံနိုင်တယ်လို့ ဆိုကြောင်း၊ ဆင်တွေဟာ အမှတ်အသားကြီးပြီး၊ သူတို့ကို ရိုက်နှက်ဖူးသူများကို လက်စားချေတတ်ကြောင်း၊ ဆင်ဦးစီးရဲ့အသက်ကို တစ်နေ့

သုံးကြိမ် ရန်ရှာတတ်ကြောင်း၊ ဆင်မုန်ယိုနေရင် လူကို အန္တရာယ် ပြုတတ်ကြောင်း၊ ဆင်ကို ချွန်းနဲ့ ပေါက်ရင် ဖြစ်တဲ့ အနာဟာ လပြည့်တဲ့အခါ အသားပြည့်တယ် ဆိုကြောင်း၊ ဆင်မဟာသုံးနှစ်ကိုယ်ဝန်ဆောင်ရတယ် ဆိုကြောင်း၊ ဆင်များဟာ လူနဲ့ သက်တမ်းချင်း အတူတူလောက် ရှိကြောင်း၊ ညအိပ်ရင် နှာမောင်းထဲ ကြွက်ဝင်မှာစိုးလို့ နှာမောင်းကို ပါးစပ်ထဲထည့် အိပ်တတ်တယ် ဆိုကြောင်း စတဲ့ စိတ်ဝင်စားစရာ အမျိုးမျိုးကိုသာ ရေးရမယ်။

ပြီးတော့မှ နိဂုံးချုပ်မယ်ဆိုရင် နိဂုံးထဲမှာ ဆင်နဲ့ ပတ်သက်တဲ့ အချက်အလက် အကြောင်းအရာတွေမထည့်နဲ့တော့။ ဘယ်လိုဟာမျိုးရေးမလဲဆိုရင် ဆင်တွေဟာ အသုံးဝင်တဲ့ အတွက် ဆင်များကို ကြင်နာစွာဆက်ဆံပြီး မျိုးဇာတ် မပျက်အောင် ကာကွယ်ပေးသင့်ကြောင်း၊ဆင်စွယ်ကို လိုချင်လို့ တော ဆင်ရိုင်းတွေကို ဥပဒေမဲ့ ပစ်သတ်နေကြတာကို နှိမ်နင်းသင့် ကြောင်း၊ ဆင်မွေးမြူရေးခြံတောင် စမ်းသပ်လုပ်ကိုင်သင့် ကြောင်း စသည်ဖြင့် အကြံဉာဏ်တွေ မျှော်လင့်ချက်တွေ ရေးရမယ်။ ဒီလောက်ဆိုရင် စာပိုဒ်ခွဲတယ်ဆိုတာ နည်းနည်းရှည်သွားတာနဲ့ ရမ်းဖြတ်ရတာမဟုတ်ပါလား ဆိုတာ သိလောက်ပြီ။ အင်္ဂလိပ်စာပိုဒ်ရေးနည်းနဲ့ ပတ်သက်လို့ နောက်တစ်ချက် ပြောချင်တာက စာပိုဒ်ရေးရာမှာ ဝါကျတွေကို ကစားပေးရတယ်။ ဆိုလိုတာက တိုတိုရေးလိုက် ရှည်ရှည်ရေးလိုက်၊ လွယ်လွယ်ရေးလိုက်၊ ခက်ခက်ရေးလိုက်၊ ရိုးရိုးရေးလိုက်၊

ဆန်းဆန်းရေးလိုက် စသည်ဖြင့် မရိုးအောင် မထပ်အောင် လက်စွမ်းပြရေးရတယ်။ active, passive, simple, compound, complex, statement, question, command, exclamatory sentense စသည်ဖြင့် ပုံစံမျိုးစုံပါအောင် ရေးရတယ်။ ဒါမှ အရေးအသားဟာ လှပစုံလင်ပြီး စိတ်ဝင်စားစရာကောင်းမှာပေါ့။ တစ်ပုံစံတည်း တစ်သမတ်တည်း ရေးနေရင်တော့ ငြီးငွေ့စရာ ကောင်းတာပေါ့။

ကဲ ဒါလောက်ဆိုရင် စာစီစာကုံးရဲ့ ပုံစံသိလောက်ပြီ။ ပုံစံပြီးတော့ "အကြောင်းအရာ" ကို ဆွေးနွေးရအောင်။ အကြောင်းအရာဆိုတာက ကျယ်ပြန့်လွန်းလို့ သဘောလောက်ပဲ ဆွေးနွေးပါရစေ။

ယုတ္တိရှိပါစေ

စာစီစာကုံးရေးရာမှာ ပထမသတိပြုရမှာကတော့ သဘာဝယုတ္တိ လွတ်မသွားဖို့ပဲ။ တချို့က သိပ်ပြီးပစ်စလက်ခတ်ရေးကြတယ်။ ရန်ကုန်က မန္တလေးကို မီးရထားနဲ့သွားတာ၊ ပြည်ဘူတာမှာ ကြက်သားကြော်ဝယ်စားတာတို့ပေါ့။ ဒီလောက်သိသာတဲ့ အချက်အလက်မှားမျိုး ရေးမိရင် ဘယ် အမှတ် ကောင်းနိုင်ပါတော့မလဲ။

ဒီထက်နုတဲ့ အမှားမျိုးရှိသေးတယ်။ (ကျွန်ုပ်၏ အချစ်ဆုံးမိတ်ဆွေ) ဆိုတာမျိုးရေးရင် အဲဒီမိတ်ဆွေဟာ ရုပ်

လည်းချော၊ စာလည်းတော်၊ အားကစားလည်း ထူးချွန်၊ လူရည်ချွန်လည်းရ၊ သဘောလည်းကောင်း၊ အကျင့်လည်းကောင်း၊ လူတိုင်းနဲ့လည်းသင့်မြတ် စသည်ဖြင့် လူဘဝမှာ မရှိနိုင်တဲ့ အဘက်ဘက်က လိုလေသေးမရှိ ပြည့်စုံတဲ့ပုံစံမျိုးရေးထည့်လိုက်တာပဲ။ ဒီကြားထဲ တစ်ခါတုံးက သူနဲ့ကျွန်တော် နဲ့တောထဲသွားကြတော့ ကျားသစ်တစ်ကောင် ကျွန်တော့်ကို ကိုက်မယ်လုပ်တာ သူကယ်လို့ပေါ့ ဆိုတာမျိုးက ပါသေးတယ်။

ဒီလို ယုတ္တိမရှိတာမျိုးကို ရေးရင် အထင်သေးခံရမှာပေါ့။ အမှက်လည်း များများမရနိုင်တော့ဘူးပေါ့။ အင်္ဂလိပ်စာစာစီစာကုံးကို အမှတ်ပေးတဲ့နေရာမှာ အဓိက ကတော့ သဒ္ဒါမှန်ဖို့ပဲပေါ့။ ဒါပေမယ့် သဒ္ဒါလည်း အသင့်တင့် မှန်တယ်။ အတွေးအခေါ်တင်ပြပုံနဲ့ လက်ရေးလက်သား စသည်တို့က လည်း ကောင်းတယ်ဆိုရင် အမှတ်ပိုရတာကတော့အမှန်ပဲ။

ဒီတော့ သဘာဝကျအောင် ဖြစ်တတ်တဲ့သဘောနဲ့ ကိုက်ညီအောင် စဉ်းစားရေးပါ။ ဥပမာ-ကျွန်တော့် သူငယ်ချင်း ဟာ ဉာဏ်ကောင်းပါတယ်။ ဒါပေမယ့် နည်းနည်းတော့ ပျင်းတယ် ဆိုတာမျိုး၊ သူဟာအရပ်ရှည်တယ်။ ဒါပေမယ့် သိပ်မသန်မာလှဘူး ဆိုတာမျိုးရေးရင် သဘာဝကျတာပေါ့။ ဘာလို့လည်းဆိုတော့ ဒီလောကကြီးထဲမှာ ဘယ်သူမဆို ဘာမဆို ချို့ယွင်းချက်ကလေးများပါ တွဲရေးရင် အမှန်တရားနဲ့ နီးစပ်တယ်။ ပိုပြီးရင့်ကျက်တဲ့ သဘောကိုဆောင်တယ်။

အစီအစဉ်မှန်ပါစေ

စာစီစာကုံးမှာ ရှေ့နောက် အစီအစဉ်တည့်ဖို့လည်း လိုပါတယ်။ ဥပမာ - ရန်ကုန်မြို့အကြောင်းရေးမယ် ဆိုပါတော့။ အရေးကြီးတဲ့ အချက်ကို အရင်ရေးရမယ်။ မြို့တော်ဖြစ်ကြောင်းတည်နေရာ လူဦးရေ စသည်ပေါ့။ ဒါတွေက အခြေခံအချက်ကြီးတွေပါ။ ဒါတွေရေးပြီးမှ ရန်ကုန်မြို့ရှိ စိတ်ဝင်စားစရာ နေရာများတို့ ဘာတို့ရေးသင့်တယ်။ အဲဒီ နေရာမှာလည်း (ရန်ကုန်မြို့တွင် တိရစ္ဆာန်ရုံ၊ အမျိုးသားပြတိုက်၊ ပြည်သူ့ကုန်တိုက်၊ ရွှေတိဂုံဘုရားစသော စိတ်ဝင်စားဖွယ်နေရာများ ရှိပါသည်လို့ ရေးလိုက်ရင်သွားပြီ။ မကောင်းတော့ဘူး။ ဘာလို့လဲဆိုတော့ အဲဒီနေရာလေးမျိုးထဲက ဘယ်နေရာကို ပထမဆုံး ဖော်ပြသင့်သလဲ။ စဉ်းစားကြည့်ရင် အလွယ်လေးနဲ့ သိနိုင်ပါတယ်။ အဲဒါမျိုး စဉ်းစ ;တတ်လာပြီ ဦးစားပေးအလိုက် စီစဉ်တတ်လာပြီဆိုရင် အတွေးအခေါ် အကြောင်းအရာ၊ အစီအစဉ်ပိုင်းအနေနဲ့ သိသိသာသာ တိုးတက်ရင့်ကျက်လာပြီ ဖြစ်ပါတယ်။

စိတ်ဝင်စားစရာဖြစ်ပါစေ

စာစီစာကုံးကောင်းတို့ရဲ့ အရည်အချင်းတစ်ခုကတော့ စိတ်ဝင်စားစရာ ကောင်းခြင်းပဲ၊ စိတ်ဝင်စားစရာ

ကောင်းတယ်ဆိုတာ စာဖတ်သူတွေ မသိသေး မကြားဖူးသေးတာကို ဆိုလိုတာပဲ။ ဒီတော့ အချက်အလက် အသစ်အဆန်းများ၊ သူများမတွေးမိ မမြင်မိတဲ့ အတွေးအမြင်မျိုး ဒါမျိုးတွေ တင်ပြနိုင်ရင် စိတ်ဝင်စားစရာကောင်းတာပဲ။ ဒါမျိုးတွေ တင်ပြနိုင်အောင် ဘာလုပ်ရမလဲ၊ ရှင်းပါတယ်။ ပညာဗဟုသုတများများ ဆည်းပူးထားပေါ့။ ရောက်လေရာမှာ နား၊ မျက်စိ ဖွင့်ထားပြီး၊ လေ့လာ။ စာများများဖတ်ဆိုလို့ အပေါစားဝတ္ထုတွေ၊ ခားတွေ၊ သိုင်းတွေ၊ သေနတ်ပစ်၊ လက်သီးထိုးတွေချည်း ဖတ်နေလို့ ဗဟုသုတ ဟုတ္တိပတ္တိ ဘယ်ရမလဲ။ မှတ်သားစရာကောင်းတဲ့ ပုဂ္ဂိုလ်ထူးများ အတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်း၊ တီထွင်မှု၊ တွေ့ရှိမှုတွေ၊ မဂ္ဂဇင်းဆောင်းပါးတွေ၊ သုတပဒေသာတွေ၊ ဒါမျိုးတွေ ဖတ်မှပေါ့။ ဖတ်ပြီးရင် သိမှတ်စရာတွေကို မှတ်စုစာအုပ်နဲ့ မှတ်ထားရမယ်။ မကြာမကြာလည်း ပြန်ဖတ်ပေးရတယ်။ စာစီစာကုံးကို နေ့ချင်းညချင်း အကောင်းစားရေးတတ်ချင်လို့တော့ မရဘူးနော်။ ရေရှည်ပါရမီ ဆည်းပူးနိုင်မှ။ ဒါကြောင့်လည်း စာစီစာကုံး အရေးအသားဘက်မှာ ဒီနေ့လူငယ် ကျောင်းသားတချို့ဟာ အားနည်းနေကြတာပေါ့။

စာစီစာကုံးအမျိုးမျိုး

စာစီစာကုံးမျိုးအစားတွေကတော့ စကားပုံ စာစီစာကုံး (Proverb essay)၊ အတ္ထုပ္ပတ္တိ (biography)၊

ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (autobiography)၊ စသည်ဖြင့် အမျိုးမျိုး ရှိပါတယ်။

အခြေခံအဆင့်မှာ -

၁။ သရုပ်ဖော် (descriptive)

၂။ နောက်ကြောင်းပြန် (narrative)

၃။ စိတ်ကူးယဉ် (imaginative)

ဆိုပြီး အဓိကအားဖြင့် သုံးမျိုးခွဲတတ်ကြပါတယ်။ နောက်ထပ်ခွဲရင်လည်း ရပါသေးတယ်။ ထားပါတော့။ ဒီသုံးမျိုးခွဲတတ်ရင် Tense မှန်မှန်သုံးစွဲနည်းကို သင်လို့ရပါပြီ။

သရုပ်ဖော်ဆိုတာကတော့ အားကစားခြင်း၊ စာဖတ်ခြင်း၊ စာအုပ်များ၊ တိရစ္ဆာန်များ၊ သစ်ပင်များ၊ မြို့တစ်မြို့၊ နွေ၊ မိုး၊ ဆောင်း၊ ကျွန်ုပ်၏ အချစ်ဆုံးမိတ်ဆွေ၊ ကျွန်ုပ်၏အိမ်ဆိုတဲ့ခေါင်းစဉ်မျိုးတွေပေါ့။ အဲဒီစာစီစာကုံးမျိုးကို ရေးတဲ့အခါမှာ အမြဲဖြစ်တတ်တဲ့။ ကြာရှည်မှန်တတ်တဲ့ သဘောတွေကို ဖော်ပြရတာမို့ များသောအားဖြင့် Present Simple Tense ကို အသုံးပြုရလေ့ရှိတယ်။ (ကျွန်ုပ်၏ အချစ်ဆုံးမိတ်ဆွေ) ကိုရေးရာမှာ My best friend name was Mg Ba. လို့ ရေးလိုက်ရင် သွားပြီ။ အဲဒီမိတ်ဆွေဟာ လူ့ပြည်မှာ မရှိတော့ဘူး။ သွားလေသူ ဖြစ်သွားပြီ။ was လို့ Past Tense ကြီးကို သွားသုံးတာကိုး၊ သက်ရှိမိတ်ဆွေအကြောင်း ရေးတာဆိုရင် is ကို သုံးရလိမ့်မယ်။ အထက်က အင်္ဂလိပ် ဝါကျဟာ သဒ္ဒါလည်းမမှန်ဘူး။ The name of my best friend is

Mg Ba. My best friend's name is Mg Ba. စသည်ဖြင့် ရေးမှ သဒ္ဒါမှန်တယ်။

နောက်ကြောင်းပြန် စာစီစာကုံးကတော့ မမေ့နိုင်သော နေ့တစ်နေ့၊ မီးရထားခရီးတစ်ခေါက်၊ ရွာတစ်ရွာသို့ သွားလည်ခြင်း၊ ကျွန်ုပ် ပထမဆုံးကျောင်းတက်သည့်နေ့၊ လွန်ခဲ့သည့် နွေအားရက်ကို ကျွန်ုပ်အသုံးချခဲ့ပုံ စတဲ့ စာစီစာကုံးမျိုးတွေပေါ့။ ဒါမျိုးတွေကိုတော့ Past Tense နဲ့ရေးတယ်။ ဒါပေမယ့် အမြဲတမ်း မှန်ကန်ချက် ပါလာရင်တော့ ယင်းကို Present Simple Tense နဲ့ပဲ ရေးရတယ်။

စိတ်ကူးယဉ် စာစီစာကုံးကတော့ ထူးဆန်းသော အိပ်မက်၊ ကျွန်ုပ်သိန်းထီပေါက်လျှင် ကျွန်ုပ်၏ အနာဂတ်စီမံကိန်းများ ဆိုတာမျိုးပေါ့။ If I had a million kyats... (ကျွန်ုပ်မှာ ငွေတစ်သိန်းရှိလျှင်) ဆိုတာမျိုး ရေးရရင် If I had a million kyats, I would live in style. I would also do good deeds. (စတိုင်ကျကျနေမယ်၊ ကောင်းမှုများလည်း လုပ်မယ်) I would do this, I would do that. စသည်ဖြင့် I would .... ဆိုတဲ့ ပုံစံသုံးပြီး ရေးရတယ်။ If I had a million kyats, I bought (buy) a car. ဆိုတာမျိုး မရေးရဘူး။

How I will spend the coming summer holidays. လို့ စာစီစာကုံးမျိုးရေးရင် I will spend the coming summer holidays in the following way. First I will take rest. Then I will help my parents.

I will, I will နဲ့ Future Tense ကို သုံးပြီး ရေးရတယ်။

(ထူးဆန်းသောအိပ်မက်) ကတော့ ဖြစ်ခဲ့တာကို ပြန် ရေးရတဲ့သဘောမို့ Past Tense နဲ့ ရေးရမယ်။

တိုတိုပြောရရင်တော့ အင်္ဂလိပ်စာ စာစီစာကုံးရေး ရာမှာ Tense အရွေးမှားရင် တောက်လျှောက် မှားကုန်တော့ တာပဲ။ ဒါကြောင့် စာစီစာကုံးတစ်ပုဒ် ရေးတော့မယ်ဆိုရင် ဘာ Tense နဲ့ ရေးရမယ်ဆိုတာကို စဉ်းစားဆုံးဖြတ်ပါ။

သတိပြုစရာတချို့

Tense ကို (များသောအားဖြင့်) ရှေ့နောက်ညီ အောင်ရေးပါ။ Present Tense ဖြစ်သွားလိုက် Past Tense ဖြစ်သွားလိုက် မဖြစ်အောင်သတိထားပါ။ Past Tense နဲ့ ရေးနေတုန်းမှာ အမြဲတမ်းမှန်ကန်ချက်လိုဟာမျိုးနဲ့ သွားတွေ့ ရင်တော့ Present Tenseနဲ့ ကြားဖောက် ရေးပေးရမှာပေါ့ လေ ဒါမျိုးတော့ ချွင်းချက်ပေါ့။

ဝါကျတွေကို တိုတိုရှင်းရှင်းရေးပါ။ မနိုင်မကန် အရှည်ကြီးတွေ ရေးရင်မှားတတ်တယ်။ အတော်ပိုင်လာမှ ရှည် ရှည်ရေးပါ။ ဒါမှမဟုတ်ရင်လည်း အလွတ်ကျက်ထားတဲ့ ဝါကျ မျိုးကျမှ ရှည်ရှည်ရေးပါ။ အတွေ့အကြုံနုတုန်းမှာ တိုတို ရှင်းရှင်းပဲ ရေးပါ။

လက်ရေးကို ကြိုးကြိုးရှင်းရှင်း ရေးပါ။ အဲဒီလိုရေးရင်

ဖတ်ရတာလွယ်တော့ စာစစ်သူရဲ့ ငြိုငြင်မခံရဘူးပေါ့။

ရေးပြီးသားကို ပြန်စစ်ပြီး အမှားပြင်ပါ။ ပြန်စစ်ရာမှာ ပြုလုပ်သူ (subject) က တစ်ခုတစ်ယောက်ဖြစ်ပြီး Present Tense နဲ့ ရေးရာမှာ verb မှာ s/es မှထည့်မိရဲ့လား။ am, is, are, was, were, be, been နောက်ကလာတဲ့ verb မှာ ing သို့မဟုတ် ed/en မှ ထည့်မိရဲ့လား။ have, has, had နောက်ကလာတဲ့ verb ကို ed/en ပုံစံမှ ရေးခဲ့မိရဲ့လား။ can, could, shall, should, will, would, may, might, must, do, did, does တို့နောက်ကလာတဲ့ verb မှာ ယောင်မှားပြီး ed တို့ s/es တို့များ ထည့်ခဲ့မိလေသလား၊ ဒါမျိုးတွေ စစ်ဆေးပြီး အမှားပြင်ပါ။ နောက်ပြီး ကိုယ်ပိုင်နာမ်တွေကို စာလုံးကြီးနဲ့မှ ရေးမိရဲ့လား။ ဝါကျအဆုံးမှာ full stop မှ ထည့်မိရဲ့လား။ မေးခွန်းဆိုရင်လည်း ဝါကျအဆုံးမှာ question mark မှ ထည့်မိရဲ့လား။ အဲဒါမျိုးတွေကြည့်ပြီး လိုအပ်သလို ပြင်ပေးပါ။

မေးတဲ့ အကြောင်းအရာကိုသာ ရေးပါ။ တချို့ ကျောင်းသားလူငယ်တွေက ဘာမေးလို့ ဘာဖြေရမှန်းမသိဘူး။ အသိဉာဏ်ပညာဗဟုသုတ နည်းသေးတဲ့သဘောပေါ့။ အဲဒီလိုဖြစ်နေရင် အများကြီး လေ့လာဆည်းပူးရမယ်။ တချို့ ကျောင်းသားတွေကျတော့လည်း ဆိုင်ဆိုင် မဆိုင်ဆိုင် ကျက်ထားတာတွေကို ဇွတ်ရေးတော့တာပဲ။ ဒီလိုရေးလို့ ဘာအမှတ်မှ မရဘူး။ ဒီတော့ပေးထားတဲ့ အချက်အလက်တွေ ပါအောင်

ရေးပါ။ ဆိုင်တာကိုသာရေးပါ။ မေးတာကိုသာဖြေပါ။

ကဲ - အထက်မှာ ဖော်ပြခဲ့တဲ့ နည်းတွေ၊ ညွှန်ကြား ချက်တွေကို သဘောပေါက်ပြီ၊ လိုက်နာနိုင်ပြီဆိုရင် စာစီစာကုံး အရေးအသားဟာ သိသိသာသာကြီး တိုးတက်လာပါလိမ့် မယ်။ စာစီစာကုံးအရေးအသား ထူးချွန်ရေးအတွက် နိဂုံးချုပ် မှာချင်တာကတော့-

၁။ စာစီစာကုံး၊ အမျိုးစုံ လက်လှမ်းမီသရွေ့ ရှာဖွေ ဖတ်ရှုပါ။ ကူးပါ၊ ကျက်ပါ။

၂။ အထွေထွေဗဟုသုတ စုဆောင်းပါ၊ အထူးသဖြင့် စာအုပ် ကောင်းများ၊ ပညာပေး သုတစာပေများကို ဖတ်ပါ။

၃။ အရေးအသားလေ့ကျင့်ပါ။ တစ်နေ့ တစ်ပုဒ်လောက် အလွတ်ရေးကြည့်ပါ။ အလွတ်ရေးရတာ ခက်သေးရင် essay စာအုပ်တွေထဲက ဖတ်ကြည့်ပြီး မှတ်မိသမျှ ပြန်ချရေးတဲ့ အကျင့်ကို လုပ်ထားပါ။ ကိုယ် ကြိုးစားရင် ကြိုးစားသလောက် essay အရေးအသား တိုးတက် ထူးချွန်လာမှာ သေချာပါပြီ။

MYSELF

I am a school boy. My name is Maung Zaw Oo. I am 16 years old now. I am tall for my age as my height is five feet and seven inches already. But I am not fat: my current body weight is only 118 pounds. I have a brown complexion as I spend almost of my spare time outdoors.

My parents are U Thaw Ka and Daw Nyein Aye. My father is a businessman owning three tea-shops, two lorries and a Datsun Saloon car. Being well-off, we live in a comfortable, two-storey brick house in a quiet locality. Our house is furnished with modern household

appliances such as a refrigerator, a washing machine, a TV set, a cassette player, an electric stove, room-coolers and sofas. I am an only son and so my parents lavish on me everything. I need or fancy. I go to school by car and I received a monthly allowance of K-1000. But I am not proud. I go to No. 1 B.E.H.S Latha and I am studying in the 10th standard. I go to school regularly and learn my lessons well. I also obey my parents and teachers. So I always pass my examinations.

My hobby is taking part in sports. I spend most of my leisure hours playing all kinds of games especially football and volley ball. As a result, I am healthy and strong. I know that I am not cut out for a scholar. Hence, I have made up my mind to serve the country as a soldier. I will attend the Military Academy if I am eligible. I am doing my level best to qualify myself for it. I hope that I shall become a high-ranking officer in the Tatmadaw one day.

GLOSSARY

① tall for...age အသက်နှင့်စာလျှင် အရပ်ရှည်သည်
② current body weight လောလောဆယ်ကိုယ်အလေးချိန်
③ have a brown complexion အသားညိုသည်
④ spare time အားလပ်ချိန်
⑤ outdoors အိမ်အပြင်ဘက်တွင်
Saloon car လူစီးကား မှန်လုံကား
⑥ Being well-off ချောင်ချောင်လည်လည်ရှိသောကြောင့်
⑦ two-storey နှစ်ထပ်
⑧ a quite locality ဆိတ်ငြိမ်ရပ်ကွက်တစ်ခု
⑨ furnished ခင်းကျင်းတပ်ဆင်ထားသည်
⑩ household appliances အိမ်သုံးပစ္စည်းများ
refrigerator (ရက်ဖရစ်ဂျရေးတား) - ရေခဲသေတ္တာ
electric stove လျှပ်စစ်မီးဖို
room-coolers လေအေးပေးစက်များ
lavish on ပုံအောပေးသည်
allowance ခွင့်ပြုငွေ
leisure hours အားလပ်ချိန်များ
not cut...scholar ပညာရှင်ဖြစ်ရန်မနီးစပ်
made.. mind စိတ်ပိုင်းဖြတ်သည်
serve အမှုထမ်းသည်
Military Academy စစ်တက္ကသိုလ်

eligible	သတ်မှတ်သော အရည်အချင်း ပြည့်စုံသည်
doing...best	တတ်နိုင်သမျှအကောင်းဆုံး ကြိုးစား နေသည်
qualify	အရည်အချင်း ပြည့်စုံစေသည်
high-ranking	အဆင့်အတန်းမြင့်မားသော

MY FAMILY

My family is made up of five people. They are my father, my mother, two sisters and I. The name of my parents are U Thaik Tun and Daw Mi Mi Zin. My sisters who are twins go by the names of Khin Mi Mi Gyi and Khin Mi Mi Lay. Being the youngest in my family, I am called A-ngai Lay [Small One] by my parents and sisters, although my registered name is Mg Zin Tun Min.

My father is an officer at a government office. His monthly salary is about. K. 1500. He goes to his office at about half past eight in the

morning and comes home at five o'clock in the evening. He is an avid reader and spends the weekends and other holidays reading one thick book after another.

My mother is a good housewife. She runs the house efficiently and keeps everything at home spick and span. She cooks delicious meals too. She attends to all our needs and she is busy most of the time. Being thrifty, she manages to make (both) ends meet on father's income. I think she is a wonderful mother.

My sisters are pretty girls. Being identical twins, they look alike, think alike and act alike. They also dress alike and always go about together. They are the centre of attraction wherever they go. My parents are very proud of them. But I don't think highly of them as they are mediocre students. They spend most of their time dressing up and showing off instead of learning their lessons. As a result, they barely manage to pass their examinations every year.

As for me, I am, a good boy. My parents indulge me as I am the youngest in the family. But I do not misuse my privileges. I never play truant and I study hard. Consequently, I am always at or near the top of my class in tests and examinations.

My family is not rich and we live in a modest house in Bahan. But we are happy because we are kind and loving to one another. I hope we shall be able to live in this way for a long time.

GLOSSARY

twins	အမြွာပူးများ
go by ...of...	ဟူသောအမည်များရှိကြပါသည်
registered	မှတ်ပုံတင်ထားသော
monthly salary	လခ
avid reader	အလွန်စာဖတ်သူ
runs the house	အိမ်ကို စီမံအုပ်ချုပ်သည်
efficiently	ပိုင်နိုင်ထိရောက်စွာ
spick and span	သန့်ရှင်းပြောင်လက်နေအောင်

delicious အရသာရှိသော
attends...needs ကျွန်ုပ်တို့.လိုအပ်ချက်များအားလုံးကို ဆောင်ရွက်ပေးသည်
Being thrifty ချွေတာသောကြောင့်
manages...meet ဝင်ငွေထွက်ငွေမျှတအောင်လုပ်နိုင်သည်
identical twins တစ်ဥတည်းက ပေါက်သော အမြွာပူး အစစတူသော အမြွာပူး
centre of attraction အများ၏ အာရုံစိုက်ခြင်းခံရသည့် သူ(များ)၊ အရာ
wherever they go သူတို့ဘယ်သွားသွား
I don't... them သူတို့.ကို ကျွန်တော်အထင်မကြီးပါ
mediocre (မစ်ဒီယောကား) မတော်လှသော၊ သာမန်
dressing up ဝတ်စားဆင်ယင်သည်
showing off ရှိုးပြသည်၊ ကြွားဝင့်သည်
barely....pass အောင်ရုံအနိုင်နိုင်
As for me ကျွန်တော့်အနေနဲ့.ကတော့
indulge (အင်နှဒတ်လ်ဂျ်) အလိုလိုက်သည်
misuse အလွဲသုံးစားလုပ်သည်
privileges (ပရစ်ဗ်လစ်ဂျ်စ်) အထူးအခွင့်အရေးများ
play truant (ထရူးအဲန့်တ်) ကျောင်းပြေးသည်
Consequently နောက်ဆက်တွဲအနေဖြင့် (ထို့.ကြောင့်)

MY MOTHER

The most important person in this world to me is my mother. She has given birth to me and fed me on her own milk. She has attended to all my needs since my birth. Naturally, I have looked upon her as my greatest benefactress.

My mother's name is Daw Pan Yi. She is fortynine years old now. She is of medium height and build. Of late, she has been putting on weight. Having come from Central Myanmar, she has a brown complexion. Her hair is turning grey and wrinkles have appeared on her face. But her face is serene and graceful.

She is an efficient housewife. She does all the cooking, washing, ironing, and mending in the house. She also goes to the market thrice a week. She is economical in running the house. Yet, she is such a good cook that all the meals she prepares for us are tasty. She manages to make ends meet although father's income is not very large. She can also provide us with whatever we need.

She is a loving mother. She does her best to make us happy. She seldom scolds us and never beats us. When we do something wrong, she explains to us patiently why we should not do it. When we were young, she used to tell us fairy tales to teach us proper conduct. When we are sick, she nurses us back to health tenderly. When we are depressed or unhappy, she comforts and cheers us with words of encouragement. She is devoted to our welfare twenty-four hours a day. Needless to say, we regard her as our first and last refuge.

I consider myself lucky for having such a loving, selfless mother. I don't do what she does not like. I am determined to repay her for her kindness and love. I will take good care of her when I grow up. I also pray every night that she may live long and spend the rest of her life in peace and happiness.

GLOSSARY

given birth to	မွေးဖွားခဲ့သည်
benefactress (ဘယ်နီဖက်က်ထရက်စ်)	ကျေးဇူးရှင်မ
medium (မီဒီယမ်)	အလယ်အလတ်
Of late	ယခုတလောတွင်
putting on weight	ဝလာနေသည်
turning grey	မီးခိုးရောင်သန်းလာသည် ဖြူလာသည်
wrinkles	အတွန့်များ
serene (ဆရီးန်)	ငြိမ်သက်အေးချမ်းသည်
graceful	ကျက်သရေရှိသည်၊ မွန်မွန်ရည်ရည် ရှိသည်
mending	ပြင်ဆင်ဖာထေးသည်
irregular	အချိန်မှန်ပုံမှန်မဟုတ်

thrice	သုံးကြိမ်
economical	ချွေတာသည်
manages...meet	ဝင်ငွေထွက်ငွေမျှအောင် လုပ်နိုင်သည်
provide	ထောက်ပံ့သည်
fairy tales	နတ်သမီးပုံပြင်များ
proper conduct	သင့်လျော်ကောင်းမွန်သော အပြုအမူ
tenderly	ကြင်နာနူးညံ့စွာ
depressed	စိတ်ဓါတ်ကျသည်
cheers	ရွှင်လန်းစေသည်
words of encouragement	အားပေးစကားများ
devoted...welfare	ကျွန်ုပ်တို့အဆင်ပြေ ကောင်းမွန်မှု ကို ဦးစားပေးလုပ်ကိုင်သည်
last refuge	နောက်ဆုံးခိုလှုံရာ
consider	ယူဆသည်
selfless	ကိုယ်ကျိုးမငဲ့သော
am determined	စိတ်ပိုင်းဖြတ်ထားသည်

MY FATHER

My father is U Maung Maung Aye. He is fortyfive years of age. He used to play football when he was young. So, he is still strong, healthy and active. He looks young for his age as he takes good care of his health. He walks every morning, rain or shine. He is five feet and nine inches tall, a rare height for a Myanmar. His hair is still black although it is thinning now. I think he is a good looking man.

He is a deputy director at a government department. He is a conscientious worker. So he has few problems in his work and he has risen steadily in rank.

At home, he is a loving father but a stern disciplinarian. When my brothers, sisters and I were young, he took us to famous pagodas, the national museum, the zoo and other places of interest. He often takes us to education exhibitions, cultural shows, the pictures and theatrical shows. He takes us to town once a month for a treat after drawing his salary.

Sometimes, he brings home cakes and fruit for us. He also buys us Shwe Thway, Teza, The Aurora, Thuta Padaytha (The Knowledge Digest) and other government publications for children and youths. But he brooks no nonsense when it comes to our education. On the other hand, he showers gifts on us when we do well in our studies. He makes us study very hard indeed when the examination is near. He also stays up late to keep us company. He often says that a good education is the only legacy he can bequeath us.

We all realize that he punishes us not

because he hates us but because he wants us to succeed in life. So we don't mind his scoldings and canings. We love, respect and obey him because he is a good father.

GLOSSARY

young.... age အသက်နှင့်စာလျှင် နုပျိုသည်
rain or shine မိုးရွာရွာ နေပူပူ
rare ရှားပါးသော
deputy director ဒုတိယညွှန်ကြားရေးမှူး
department ဌာန
conscientious (ကွန်ရှိုအဲန်ရှပ်စ်) အသိစိတ်ဓာတ်ပြည့်ဝသော
disciplinarian (ဒစ်ဆ်ပလာနားရီးယန်းန်) စည်းကမ်းထိန်းသူ
exhibitions (အက်ဆ်ဘစ်ရှင်းစ်) ပြပွဲများ
for a treat ပြုစုခြင့်ခံကျွေးမွေးရန်
Aurora မိုးသောက်ပန်း (အရုဏ်)
publications ထုတ်ဝေသော စာအုပ်စာတမ်းများ
brooks no nonsense မဟုတ်တာကို သည်းမခံ
when it...education ကျွန်ုပ်တို့ပညာရေးနှင့် ပတ်သက်လာလျှင်
showers gifts လက်ဆောင်မိုး ရွာချသည်
stays up late ညဉ့်နက်အောင်မအိပ်ဘဲနေသည်
to keep us company ကျွန်ုပ်တို့အဖော်ရစေရန်

legacy (လက်ဂဆီ)	အမွေ
bequeath (ဘီကွိသ်)	ပေးသည်
hates	မုန်းတီးသည်
don't mind	ဘုယ်လိုမှုမအောက်မေ့ပါ

MY BEST FRIEND

I have many friends. Some of them are especially near and dear to me. I look upon them as special friends. Among them, Wint Maw is the most special. It is hard to say why I regard him as my best friend. Most probably, I like him for the following reasons.

First, he is very good-natured. I have never seen him lose his temper or quarrel with anyone. Some naughty boys tease him by calling him "Four eyes" as he wears spectacles. But he simply smiles back at them. Sometimes he replies that four eyes see better than two eyes.

He is also very reticent. He seldom

speaks in the class. He just listens when others speak. He does everything quietly and keeps to himself most of the time.

Moreover, he is a good student. He attends school regularly and studies hard. He does all the classwork and homework given by the teachers. He listens carefully when a teacher is explaining something. He is also interested in reading. He reads as many books as he can in his spare time. No wonder, he is always at the top of the class. But he is never boastful about his scholastic excellence. In fact, he is very humble even though his father is high-ranking officer.

Lastly, he has been my playmate and classmate since we were very young. He is not very good at sports altogether. He is devoting all time and energy to becoming a doctor now. I have not the slightest doubt that he will achieve his ambition for he is both intelligent and industrious.

GLOSSARY

look upon	သဘောထားသည်
regard	သဘောထားသည်
probably	ဖြစ်ရန်နီးစပ်သည်မှာ
good-natured	သဘောကောင်းသည်
lose his temper	စိတ်ဆိုးသည်
tease	မခံချင်အောင်စ,သည်
spectacles	မျက်မှန်
reticent (ရက်တစ်ဆဲန့်.ထ်)	စကားနည်းသည်
seldom speaks	စကားပြောခဲသည်
smiles	ပြုံးသည်
keeps to himself	သူ့ဘာသာသူနေသည်
No wonder	အံ့သြစရာမရှိ
boastful	ကြွားတတ်သော
scholastic	ပညာသင်ကြားမှုဆိုင်ရာ
excellence	ထူးချွန်မှု
humble	(ကိုယ့်ကိုယ်ကို) နှိမ်ချသည်
high-ranking	အဆင့်အတန်း (ရာထူး) မြင့်သော
devoting	ဦးစားပေးလုပ်ဆောင်သည်
energy	အင်အား
I have ... doubt	နည်းနည်းလေးမှ သံသယမဖြစ်
achieve	စွမ်းဆောင်အောင်မြင်သည်

ambition	မျှော်မှန်းချက်
intelligent	အသိဉာဏ်ရှိသော



MY CLASS TEACHER

I have to study several subjects at school and each subject is taught by a different teacher. One of the teachers is designated as the class teacher.

My class teacher for this year is Daw Mi Mi Gyi. She is short, being about only five feet tall. But she is quite good-looking. Her complexion is very fair and her skin is free from blemishes. She has kind, intelligent and understanding eyes. Her lips are naturally pink. She has dark luxuriant eye-brows and long jet-black hair. Her nose is prominent and her mouth is

round like an 'o'. In short, she is regarded as one of the most good-looking teachers in my school.

She is a spinster, about thirty or thirty five years of age. Her parents are rich and she comes to school by car. She is said to be proud. I don't blame her. I would be proud too if I were in her place.

But she is a very good teacher. She holds a B.Ed. degree. She teaches us English and every student likes her teaching. She takes pains in preparing the lessons and correcting our exercises. She enforces discipline in the class strictly. But she is very patient in teaching. She explains difficult points at great length. She urges her pupils to read as many English books as they can, and she practises what she preaches. She is seen to be reading an English book whenever she is free. No wonder, she has an excellent command of the subject she teaches. She can lecture in English fluently and her accent is very

good. That very few of her pupils fail in English is a mark of her good teaching. She practises no favouritism in the class. She is never late for school and she seldom goes on leave.

Needles to say, practically all her pupils love and respect her. If there are many teachers like her, the standard of education in our country will be very high indeed.

GLOSSARY

designated (ဒက်ဆစ်ဂ်နေးထစ်ဒ်)	သတ်မှတ်ထားသည်
blemishes (ဘလဲမစ်ရှစ်စ်)	အပြစ်အနာများ
luxuriant (လပ်ကျူးရီးယန့်.ထ်)	သန်စွမ်းသော
prominent (ပရောမင့်နဲ့.နှ်ထ်)	ပေါ်လွင်သည်
is ... regarded	သဘောထားခြင်း ခံရသည်
spinster	အပျိုကြီး
takes great pains	အလွန်ဒုက္ခခံသည်
enforces	တည်မြဲအောင် ထိန်းသည်
at great length	ရှည်ရှည်လျားလျား

fluently (ဖလူးဝဲန့်တ်လီ)	သွက်လက်ချောမောစွာ
favouritism (ဖေးဘရစ်တစ်ဇမ်)	ချစ်ခင်သူကို ဦးစားပေးခြင်း
seldom	ဖြစ်ခဲသည်
Needless to say	အထူးပြောစရာမလိုပါ

MY SCHOOL

The name of my school is No. 1 Basic Education High School, Dagon. It is situated on the Signal Pagoda Road. It is an imposing three storey brick building. It is different in shape from other state school buildings as it was a private school originally. Its compound is not as large as those of most state high schools. That is to say, it is not large enough for the schoolboys to play football in. The fence is made of rails stuck in a low brick wall. There are some flower plants in front of the school.

I don't know exactly how many class

rooms there are in the school. There must be about forty of them, I think. Of course there is an office room for the head-master. There are also an assembly hall, a library, a teachers' common room and a gymnasium which is also used as a tiffin shed.

My school is a two-shift school. The morning shift begins at 6:45 a.m. and it is over at 12 noon. The afternoon shift is from 12:15 to 5:30 p.m.

The name of our headmaster is U .....He is an able administrator and teacher. There are about 7000 pupils and over 100 teachers in my school. Most of the teachers are qualified and experienced ones who carry out their duties conscientiously. Most of the students also are studious and well-behaved. The teachers enforce discipline strictly and maintain a high standard of teaching. No wonder, my school has produced many outstanding students. The prestige of my school is so high that most students

in Yangon want to attend it. Hence it is a very rare privilege to gain admission into my school. I believe that my school is one of the best schools in Yangon as well as in the whole country. Long live No. 1. B.E.H.S. Dagon!

GLOSSARY

imposing	ခန့်ညားသော
shape	ပုံသဏ္ဌာန်
originally	မူလက
rails	သံတိုင်များ
assembly hall	စည်းဝေးခန်းမ
gymnasium (ဂျင်မနေဇီးယမ်းမ်)	အားကစားရုံ
tiffin shed	နေ့လယ်စာစားသည့်ရုံ၊ မုန့်စားတဲ
two-shift school	နှစ်ခါတက်ကျောင်း
able	ပိုင်နိုင်ကျွမ်းကျင်သော
administrator	အုပ်ချုပ်သူ
qualified	အရည်အချင်းပြည့်ဝသော
experienced	အတွေ့အကြုံရှိသော၊ ဝါရင့်သော
carry out	ဆောင်ရွက်သည်
conscientiously (ကော်နှ်ရှီအဲန်ရှပ်စ်လီ)	အသိစိတ်ဓါတ်ပြည့်ဝစွာ

studious (စတူးဒီးယပ်စ်)	စာကြိုးစားသည်။
well-behaved	အနေအထိုင်လိမ္မာသည်
enforce...strictly	စည်းကမ်းကိုတင်းကြပ်စွာ အာဏာတည်စေသည်
maintain	ထိန်းသိမ်းသည်

MY FIRST DAY AT SCHOOL

There are a few memorable days in my life. One of them is my first day at school. I shall never forget it as long as I live.

It was the 12th of May, 1972. On that day, my mother woke me up early in the morning and gave me a bath. Then she dressed me in my best clothes, gave me a nice breakfast and took me to school. When we reached the school, my mother enrolled me in it and left me in the kindergarten class.

When my mother was gone, I felt very lonely and I wanted to cry. Tears welled up in

my eyes. But I did not cry as some other children were looking at me. I was afraid of the class teacher, too. But she was very kind to me and told me what to do. So I felt a little better. When I looked around, I saw other children playing, talking or doing their lessons.

During the recess, I stayed by myself and ate the cake my mother had put in my bag. I did not go out and play like the other children. I just watched them. In fact, I spent most of my time watching the other children at work or at play. I was not happy at all on my first day at school. So I was greatly relieved when the school was over and I ran home straight.

GLOSSARY

memorable	မှတ်မိစရာကောင်းသော
enrolled	စာရင်းသွင်းသည်
kindergarten	ယူဇယ်တန်း

MY DAILY LIFE

Being a student who is aiming at scholastic excellence, I lead a very busy life. Here is a brief account of my daily routine.

I have to get up from bed early on weekdays against my will. I can get up late only on weekends. As a rule, I am up by six o'clock in the morning. I eat or drink something after brushing my teeth and washing my face. On some days, I have to go to tuition class soon after getting up. On other days, I stay at home and study until it is time to go to school. Sometimes, I also have to help my mother. On the

week-days when I don't have to go to tuition class, I study until eight o'clock. Then I take a bath, have breakfast and go to school.

At school I have to study for about five and a half hours. I listen to the teachers when they are teaching. Sometimes, I take down notes. I usually have to read and write a lot. I also answer questions, do sums and solve problems. I have lunch during the interval. I also talk and play with my friends. I take part in co-curricular activities too.

I go home straight when the school is over. At home, I change my clothes and take a short rest reading the newspaper. I also do a few odd jobs. Sometimes, I play badminton in the evening. Then I bathe again. I have dinner at about six o'clock. I help my mother by washing the plates and dishes after dinner. Then I study until ten p.m. I watch television on some nights if the programme is good. I study far into the night when the examination is near.

Finally, I wash my face, hands and feet, pray to the Buddha/God and go to bed. On weekends and other holidays I help my parents more. I also visit friends and relations or go to the pictures or pwes on those days. In short, I am quite happy although my daily life is a very busy one.

GLOSSARY

aiming at	ချိန်ရွယ်နေသည်
scholastic (စကိုလပ်စ်တစ်ခ်)	ပညာသင်ကြားမှုဆိုင်ရာ
excellence	ထူးချွန်မှု
brief	တိုတောင်းသော
account	အကြောင်းအရာ
routine	လုပ်ရိုးလုပ်စဉ်
against my will	ကျွန်တော့်ဆန္ဒကိုဆန့်ကျင်၍
do sums	ပုစ္ဆာများကိုတွက်သည်
co-curricular activities	ဖွံ့ဖြိုးရေးလုပ်ငန်းများ

MY HOBBY

A hobby is something that people do in their spare time for pleasure. Needless to say, hobbies vary from person to person. Some of the popular hobbies are collecting stamps or coins, photography, drawing, painting, singing, playing music, playing games and reading. TV watching is the latest hobby and it is spreading fast.

My hobby is a very common one-- reading. I have acquired it in the following way. When I was young, my father used to buy me books for children. All of them contained

colourful pictures. First, I looked at the pictures. Gradually, I learned to read the letters and words beneath them. When I could read Myanmarsar, my father bought me Shwe Thway, Teza, Doh Kyaung Thar, and Youth journals. I read them all and soon I became addicted to reading. Now I read all kinds of books including those written in simple English.

My hobby gives me knowledge as well as pleasure. The more books I read, the more mature I become. As a result, I no longer act like a child. I behave like a responsible, grown-up person. I make fewer mistakes than before in my studies as well as in my daily life.

My hobby has also broadened my outlook. I know what is happening at home and abroad as I read a lot of books. I also know that my country is backward compared to some other countries and that we shall have to work hard to catch up with them. I have also come to realize that I cannot succeed in life unless I

work hard. So, I have stopped wasting my time and started studying in earnest. The result is that I have made a lot of improvement in my studies.

Reading is a good hobby -- there can be no doubt about it. And I take care not to overdo it for, too much is harmful. I am also aware of the fact that some books are not worth reading. I read as many good books as I can. But I don't let my school work suffer on account of it. I read general books only when I have finished studying. I also set aside some time for sports and games. Summing up, I am satisfied with my hobby as I have derived many benefits from it.

GLOSSARY

hobby	ဝါသနာလုပ်ငန်း
pleasure	သာယာကြည်နူးမှု
vary	ကွဲပြားခြားနားသည်
coins	ငွေအကြွေ၊ မူးစေ့၊ မတ်စေ့၊ ဒင်္ဂါးများ

acquired (အက်ွိုက်ယားဒ်)	ရခဲ့သည်
